
စိတ်ကူးချိုချိုအနုပညာ





http://TheFunnyPlace.net

# ရယ်ချင်ရက်လက်တို့

ဂျဲစတိုင်း

mgyoe.com

mgyoe.com




YST0013
800.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၄၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၈၀၀ ကျပ်

၈၀၈ - ၈၄

ရယ်ချင်ရက်လက်တို့
ရဲစတိုင်း၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၆၈ မျက်နှာ၊ ၁၀ စင်တီ x ၁၆.၅ စင်တီ
(၁) ရယ်ချင်ရက်လက်တို့

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရယ်ချင်ရက်လက်တို့

ရဲစတိုင်း

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရှင့်ကိုသတိရလို့ 1

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖိုးရှုပ်က ရာထူးက ပြုတ်ပြီးနောက်မှာ နေ့စဉ်လိုလို မူးရူးပြီး သူ့မိန်းမနဲ့ ရန်ဖြစ်စကားများတတ်ပါတယ်။ သူ့မိန်းမဖြစ်သူက အကောင်းဆုံးနည်းလမ်းရှာပြီး ဘုန်းကြီးကျောင်းမှာ သင်္ကန်းသွားဝတ်ဖို့ တိုက်တွန်းလိုက်တယ်။ တစ်နေ့တော့ ဖိုးရှုပ်လည်း သင်္ကန်းစည်းဖြစ်သွားပါတယ်။ တစ်ပတ်လောက်ကြာတော့ ဦးဇင်းဖိုးရှုပ်က လူဘဝနှင့် ဦးဇင်းဘဝကိုစဉ်းစားမိပါတယ်။

"အင်း အိမ်ထက်စာရင် သင်္ကန်းဝတ်ရတာ ပိုအေးချမ်းသကိုး"

ဒီလိုနဲ့ တစ်လကြာတော့လည်း လူထွက်ချင်စိတ်မရှိ။မိန်းမဖြစ်သူက လူထွက်ရက်ကို မျှော်နေပါ

mgyoe.com

mgyoe.com


တယ်။ နှစ်လရောက်တော့လည်း လူထွက်ဖို့ အသံမကြား။ ဒါနဲ့ မိန်းမပိပိ ဉာဏ်ထုတ်တာပေါ့လေ။

"ဦးဇင်းဘုရား တပည့်တော်မတို့ရဲ့ ခြံစည်းရိုးပေါက်ပြဲနေတာ လူဝင်လိုက် ခွေးဝင်လိုက်နဲ့ ဘယ်လိုလုပ်ရမလဲဘုရား"

"ဟာ ဦးသူတော်ချက်ကြီးရှိတယ်လေ။ သူ့ကိုကာခိုင်းလိုက်"

ဒီလိုနဲ့ နောက်တစ်လလည်း လူမထွက်ပြန်ဘူး။ ဒီတစ်ခါ တစ်မျိုးပြောင်းပြောလိုက်တယ်။

"ဦးဇင်းဘုရား ... မိုးတွေကလည်းကျလာပြီ။ အိမ်ခေါင်မိုးလည်းမလုံဘူး။ ဘယ်လိုလုပ်ရမလဲဘုရား"



mgyoe.com

mgyoe.com



"ဖိုးသူတော်ချက်ကြီးကို လုပ်ခိုင်းလိုက်"

နောက်ထပ်တစ်လလည်းဒီအတိုင်းပဲ။ ဒါနဲ့ သူ့မိန်းမက နောက်ထပ်အကြံကောင်းတစ်ခု ထုတ်လိုက်ပြန်တယ်။ နောက်တစ်နေ့မှာ ခြေထောက်ထော့နဲ့ထော့နဲ့နဲ့ ဘုန်းကြီးကျောင်းသွားလို့ လျှောက်တင်လိုက်ပါတယ်။

"ဦးဇင်းဘုရား၊ တပည့်တော်မရဲ့ပေါင်ကြားမှာ အနာစိမ်းအကြီးကြီးပေါက်နေလို့။ အဲဒါ ဖိုးသူတော်ချက်ကြီးကို ညှစ်ခိုင်းချင်လို့ပါဘုရား"

ဦးဇင်းဖိုးရှုပ် အပြန်ပြန်အလှန်လှန် စဉ်းစားလိုက်ပါတယ်။

"ဟော့ဟော့ ဒကာမ ခဏနေဦး။ ဒါတော့ ဖိုးသူတော်ချက်ကြီးကို ညှစ်ခိုင်းလို့မဖြစ်ဘူး။ ငါလာညှစ်ပေးမယ်"

ဒါနဲ့ ချက်ချင်းလူထွက်ပြီး အိမ်ပြန်လာခဲ့ပါတယ်။

"ပေးပေး ... ဘယ်မလဲအနာ"

"ဘာအနာမှမရှိဘူး ရှင့်ကိုသတိရလို့ လိမ်ပြောတာ ဟိဟိ"

"ဟာ ... သေနာမ အဟုတ်မှတ်လို့"

mgyoe.com

mgyoe.com

# 2 မင်းတို့ထက်မိုက်သူကွ

တစ်ခါက လူ့ပြည်မှာ အရမ်းဆိုးမိုက်လွန်းသူ တစ်ယောက်ဟာ သေလွန်ပြီး ငရဲပြည်ရောက်သွားပါတယ်။ သူ့ကိုယ်သူလည်း သိနေတယ်လေ။ သူသေရင် ငရဲပြည်မှတစ်ပါး အခြားမရှိပြီဆိုတာ။ ဒီတော့ ယမမင်းကြီးရှေ့မှာ သူ့ကို ငရဲပြည်ရဲ့ အနက်ဆုံးနေရာက အဝီစိကိုသာပို့ပေးဖို့ တောင်းဆိုလိုက်ပါတယ်။

"ငါ့ကောင်ရယ်၊ မင်းပြစ်မှုတွေက အဝီစိပို့ရလောက်တဲ့အထိ မဟုတ်သေးပါဘူးကွယ်။ ယောယုဝ ငရဲလောက်နဲ့ပဲ ထိုက်တန်ပါတယ်ကွာ၊ စဉ်းစားပါဦး"

"ရဘူး ... ရဘူး ... ဒါဗျဲဆိုဒါဗျဲ ... ကျွန်တော်ကိုယ်စရိတ်နဲ့ကိုယ်စားပြီး သွားဆိုလည်း သွားချင်

mgyoe.com

mgyoe.com



ပါတယ် အဝီစိပဲပို့ပေးပါဗျာ"

ငရဲမင်းကြီးက လောလောဆယ် အဝီစိမှာ တစ်ယောက်မှမရှိသေးတော့ မင်းတစ်ယောက်တည်း ပျင်းနေလိမ့်မယ်လို့ တားမြစ်ပေမယ့် လူမိုက်က ဂုဏ်တောင် ယူလိုက်ပါသေးတယ်။ ဒါနဲ့ အဝီစိရောက်ရောဆိုပါတော့။ ရောက်ရောက်ချင်းပဲ ဘရိတ်ဒန့်စ် ထဆွဲလိုက်တယ်။

"ဝေးဟေးဟေး ... အဝီစိမှာ ငါတစ်ယောက်တည်း။ ငါသာလျှင် လောကမှာ အမိုက်ဆုံးကွ၊ ငါ့လောက်မိုက်သူ ဒီကမ္ဘာမှာ ရှိနိုင်ရိုးလား"

အဲဒီအချိန်မှာ သူ့အောက်မြေကြီးထဲက ခပ်စွာစွာအသံတစ်ခု ထွက်လာပါတယ်။

"ဟေ့ အပေါ်ကကောင်၊ သိပ်ပြီးခုန်ပေါက်မနေနဲ့၊ အောက်ထပ်မှာ လူရှိတယ်ကွ"

လူမိုက်လည်း အရမ်းအံ့ဩသွားတယ်။ သူ့ကိုယ်သူ အဝီစိရောက်နေတာ အမိုက်ဆုံးလို့ထင်ပေမယ့် အဝီစိထက်ပိုနက်တဲ့နေရာမှာ သူ့ထက်မိုက်သူရှိသေးတာ သိလိုက်ရတာကိုး။ ဒါနဲ့ မဝံ့မရဲလေသံနဲ့ မေးလိုက်ပါတယ်။

"ဆရာကြီးခင်ဗျာ၊ အဝီစိထက်ပိုနက်တဲ့နေရာ ရောက်နေသူဆိုတော့ အရမ်းအရမ်းကို လေးစားသွား

mgyoe.com

mgyoe.com



ပြီဗျာ … တစ်ဆိတ်လောက် ဆရာကြီးဘယ်သူဆိုတာ သိပါရစေ”

“မသေမချင်းမှတ်ထား … အာဏာရှင်ကွ … မင်းတို့အားလုံးထက်မိုက်လို့ အဝိစိထက် ပိုနက်တဲ့ နေရာမှာ တစ်ယောက်တည်းသီးသန့် အထူးခန်းနဲ့ နေရတာလေ”

mgyoe.com

mgyoe.com

## ကွာခြားမှုအနီးအဝေး 3

သက္ကရာဇ် ၂၀၉၉ ခုနှစ် ငရဲပြည်မှာပေါ့ကွယ်။ အိုစမာဘင်လာဒင်၊ ဆက်ဒမ်ဟူစိန်၊ ဟစ်တလာ၊ ဂဒါဖီနဲ့ ကယ်တင်ရှင်ဆိုပြီး လူတွေ ဒုက္ခသုက္ခရောက်အောင်လုပ်ခဲ့သူ ... ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ရောက်နေပါတယ်။ တစ်နေ့ ... ငရဲမင်းက သူတို့ကို နည်းနည်းသနားသွားလို့ ... ဟော ... ဟိုကောင်တွေ ... မင်းတို့အိမ်ကို ဖုန်းခေါ်ချင်သလား။ ကြိုက်သလောက် ပြောကြ ... ပြီးရင် ကျသလောက်ရှင်းဆိုပြီး ဖုန်းဆက်ခွင့်ပေးလိုက်တယ်။

mgyoe.com

mgyoe.com



အိုစမာကစပြီး သူ့မိန်းမတွေဆီကို ဖုန်းဆက်တယ်။ ၃ မိနစ်ကြာသွားတယ်။ ဒေါ်လာ ၃၀ ကျတယ်။ ထုတ်ရှင်းလိုက်တယ်။

ဆက်ဒမ်ဟူစိန်လည်း အိမ်ကိုအလွမ်းသည်တာ ၄ မိနစ်ကြာတယ်။ ဒေါ်လာ ၄၀ ကျသင့်လို့ ရှင်းလိုက်တယ်။ ဟာစ်တလာလည်း ဂျာမနီကိုလှမ်းဆက်တာ ၅ မိနစ်ဆိုတော့ ဒေါ်လာ ၅၀ ရှင်းရပြန်ရော။ကဒါဖီလည်း သူ့မြေးကိုဆက်တာ ၄ မိနစ်ကျော်လို့ ၄၅ ဒေါ်လာ ရှင်းရတယ်။

နောက်ဆုံးမှ ကယ်တင်ရှင် ပုဂ္ဂိုလ်ကြီးက သူ့အိမ်ကိုဆက်တယ်။ ဇနီးနဲ့ ဖုန်းအီတာ ၁ နာရီ။ သမီးနဲ့ပြောတာ ၁ နာရီ။ ဟို ... မော်တော်ပီကယ်ကို တီးတဲ့ မြေးနဲ့ပြောတာ အီစီကလီသူငယ်ပြန်တာ ၃ နာရီတောင် ကြာတယ်။ စုစုပေါင်းဖုန်းပြောချိန် ၅ နာရီကြာသွားတော့ ငရဲရောက်ဖော်ရောက်ဖက်တွေက စိတ်ဝင်စားတာပေါ့။ ဒီကောင်တော့ ဖုန်းဖိုးနဲ့ နာပြီဆိုပြီး။ ပုဂ္ဂိုလ်ကြီးက ငရဲမင်းကို ဘယ်လောက်ကျလဲမေးတော့ ၁ ဒေါ်လာကျတယ်တဲ့။

အဲ့ဒီမှာ ဘင်လာဒင်တို့၊ ဟာစ်တလာတို့အုပ်စုက တင်းပါလေရော။ ကျုပ်တို့ မိနစ်ပိုင်းလေးဆက်တာကြတော့ ဒေါ်လာ ၃၀၊ ၄၀ ကျတယ်။ ဒီကောင်

mgyoe.com

mgyoe.com



ကြီး ၅ နာရီသက်တာကျတော့ ၁ ဒေါ်လာပဲကျတယ်။ မတရားဘူး၊ ဒါကိုရှင်းပါဆိုပြီး ဆူပူကြတာပေါ့။

အဲ့ဒီမှာ ငရဲမင်းက မင်းတို့တွေ ဘာကြောင်နေတာလဲ။ မင်းတို့ ခေါ်တာ OVER SEA လေ။ သူခေါ်တာ LOCAL CALL ကွ။ သူ့အိမ်က တစ်မိသားစုလုံး ဟိုဖက်ခန်းမှာတင် ရှိတယ်တဲ့။

■

mgyoe.com

mgyoe.com

# 4 အားနာစရာတော့ကောင်းနေပြီ

ရှာသူကြီးတစ်ယောက် အခုတလော စိတ်မလုံမလဲဖြစ်နေသည်။ လမ်းထွက်လိုက်သည်နှင့် လူအများက "ဆင်း ... ဆပ်၊ ဆင်း ... ဆပ်" နှင့် ပြောနေသံတွေကို မကြားချင်ဏ ကြားနေရသည်။ ရာထူးကမဆင်းချင်သူမို့ "ဆင်း" ဆိုသည်ကို နားဝမှာ မကြားချင်။ တယ်လီဖုန်း ဆင်းကဒ်တွေကိုတောင် အမိန့်အာဏာဖြင့် ပြောင်းလို့ရလျှင် မည်သူမျှ "ဆင်းကဒ်" ဟုမခေါ်ရဘဲ "ဖုန်းကဒ်"ဟုသာ ခေါ်ဆိုရမည်ဟု အမိန့်ထုတ်လိုက်ချင်သည်။ အခု "ဆင်း ... ဆပ်" ကိစ္စကို သူ့တပည့်ကျော် ဆယ်အိမ်ခေါင်း ဖိုးရှုပ်ကို မေးကြည့်ဦးမည်ဟု တွေးမိသည်။

"ဟေ့ကောင် ဖိုးရှုပ် ၊ ငါ့ကို ရာထူးကဆင်းပြီး

mgyoe.com

mgyoe.com



အကြွေးတွေဆပ်ခိုင်းတာ ဘယ်အကောင်တွေလဲကွ"

"သူကြီးကို ဘယ်သူတွေက ဘာများပြောနေလို့လဲ"

"ရွာသားတွေ အတော်များများက 'ဆင်း ... ဆပ် ...၊ ဆင်း ... ဆပ်'ဆိုပြီး ပြောနေကြတယ်လေ"

"သြော် ... ဒါလား၊ ဆင်း ... ဆပ် ဆိုတာ သန်းခေါင်စာရင်းကောက်နေတာပါ သူကြီးရဲ့၊ သိပ်လည်းကြောက်မနေပါနဲ့"

'ဟေ ... ဂလိုလား၊ သိပါဘူး၊ ဟီး ... ငါ့ကို ရာထူးကဆင်းခိုင်းပြီး အကြွေးတွေဆပ်ခိုင်းနေတယ်မှတ်လို့"

ထိုစဉ် သန်းခေါင်စာရင်းကောက်ယူသည့်အဖွဲ့မှာ ရွာထဲရောက်လာသည်။ သူကြီးနှင့် အရင်ဆုံးတွေ့လိုက်သည်။

"ကျွန်တော်တို့က မြန်မာနိုင်ငံရဲ့ လူဦးရေစာရင်းကို လိုက်ကောက်ယူနေတာပါ"

'ဟိုက် ... ဒုက္ခပဲ၊ အားနာစရာတော့ ကောင်းနေပြီ"

"ဘာဖြစ်လို့အားနာရတာတုန်း သူကြီးရဲ့"

"ဒီလောက်အဝေးကြီးက တကူးတကလာမေးကြရတာ၊ ငါလည်း ဒီတစ်နိုင်ငံလုံးမပြောနဲ့၊ ငါ့ရွာမှာ

mgyoe.com

mgyoe.com


တောင် လူဦးရေဘယ်လောက်ရှိမှန်း အတိအကျမသိတာလေ၊ မောင်ရင်တို့ကို ဘယ်လိုပြောတတ်မှာတဲ့လဲ”

■

mgyoe.com

mgyoe.com

## ဘာသာပြန်လက်စွမ်းများ 5

ဆရာက ကျောင်းသားတွေကို KFC ရဲ့ ကြော်ငြာဖြစ်တဲ့ "We do chicken right" ကို ဘာသာပြန်ခိုင်းတော့ ကျောင်းသားတွေက မတူတဲ့ အဖြေတွေနဲ့ အမှားလိုက်ဘာသာပြန်ထားကြတာ တွေ့ရတယ်။ သူတို့ ဘာသာပြန်ထားတာတွေက ...

(၁) ကျွန်တော်တို့ ကြက်လုပ်တာမှန်တယ်။

(၂) ကျွန်တော်တို့ ကြက်လုပ်တယ်။

(၃) ကျွန်တော်တို့မှာ ကြက်လုပ်နိုင်တဲ့ အခွင့်အရေး ရှိတယ်။

(၄) ကျွန်တော်တို့က ကြက်ညာဘက်ပဲလုပ်တယ်။

(၅) ကျွန်တော်တို့က ကြက်ရဲ့ညာဘက်ကိုပဲ လုပ်တယ်။

mgyoe.com

mgyoe.com


(၆) ကျွန်တော်တို့ ကြက်လုပ်နိုင်တယ်။ မှန်လား?
(၇) ကျွန်တော်တို့ ကြက်လုပ်တာပဲ ကောင်းတယ်။
(၈) ကျွန်တော်တို့ကပဲ ကြက်လုပ်လို့ရတယ်။
(၉) ကြက်ရှိတယ် ... ညာကြည့်ပါ။
(၁၀) ကျွန်တော်တို့ ကြက်ကို ကောင်းကောင်း ဆက်ဆံရမယ်။
(၁၁) ကျွန်တော်တို့ ကြက်မှန်မှန်ကန်ကန်လုပ်တယ်။
(၁၂) ကျွန်တော်တို့ ကြက်စစ်စစ်လုပ်တယ်။
(၁၃) ကျွန်တော်တို့ မှန်တဲ့ကြက်လုပ်တယ်။
(၁၄) ကျွန်တော်တို့ လက်ရှိကြက်လုပ်တယ် ... ။

■

mgyoe.com

mgyoe.com

## လူလည်ကြီး 6

ဂျစ်ပစီလေးဟာ သူ့မိန်းမ ရေချိုးပြီးချိန်မှာ သူ ရေချိုးဖို့ အခန်းထဲဝင်သွားပါတယ်။ အဲဒီအချိန်မှာ လူခေါ်ခေါင်းလောင်း မြည်လာတာကြောင့် ဂျစ် မိန်းမဟာ ခန္ဓာကိုယ်ကို တဘက်နဲ့ပတ်ပြီး အိမ်ရှေ့ ကို သွားပါတယ်။ သူ တံခါးဖွင့်လိုက်တော့ ဂျစ် သူငယ်ချင်း ဖိုးရှုပ်ကို မြင်လိုက်ရပါတယ်။ သူ ဘာမှ မပြောခင်မှာပဲ ဖိုးရှုပ်က ပြောလိုက်ပါတယ်။

"ပတ်ထားတဲ့ တဘက်ကို ချွတ်ချပြလိုက်ရင် အခု ငါ့မှာပါလာတဲ့ ငွေတစ်သိန်းပေးမယ်"

ဂျစ်မိန်းမက ခဏတာ စဉ်းစားလိုက်ပြီး ပတ် ထားတဲ့တဘက်ကို ချွတ်ချလိုက်ပါတယ်။ ပြီးတော့ ကိုယ်ဗလာနဲ့ ဖိုးရှုပ်အရှေ့မှာ လက်ဖြန့်လိုက်တယ်။

mgyoe.com

mgyoe.com





ဖိုးရှုပ်က သူ့ကတိအတိုင်း ပါလာတဲ့ငွေတစ်သိန်းကို ပေးလိုက်ပါတယ်။ ပြီးတော့ အိမ်ထဲတောင် မဝင်တော့ဘဲ ပြန်သွားခဲ့တယ်။ ဂျေစ်မိန်းမဟာ ကြမ်းပြင်

mgyoe.com

mgyoe.com



ပေါ်က တဘက်ကို ပြန်ကောက်ပတ်လိုက်ပြီး အိမ်ထဲ ပြန်ဝင်လာတယ်။ သူ အခန်းထဲရောက်တော့ သူ့ ခင်ပွန်းသည် ငဂျစ်က ညော့်သည်ဘယ်သူလဲလို့ လှမ်း မေးလိုက်ပါတယ်။ အစ်ကိုဂျစ်သူငယ်ချင်း ဖိုးရှုပ် ပါလို့ ပြန်ဖြေလိုက်တော့ ခင်ပွန်းသည်ငဂျစ်က အားရ ဝမ်းသာနဲ့ ပြောလိုက်ပါတယ်။

"ဟော ... ဟုတ်လား၊ ဖိုးရှုပ်က ငါ့ကို ပေးစရာ ရှိတဲ့ ငွေတစ်သိန်းလာပေးတာဖြစ်မယ် မိန်းမရဲ့"

mgyoe.com

mgyoe.com

# 7 လူပျိုကြီး

ကျွန်တော့်ကို လူပျိုကြီးဆိုပြီးပြောနေကြတယ်။ ဘာကြောင့်လူပျိုကြီးဖြစ်ရသလဲ ဆိုတာပြောပြမယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ကျွန်တော် မိန်းကလေး တစ်ယောက်ကို Propose လုပ်ခဲ့ပါတယ်။ သူမက ပြန်ပြောတယ်ဗျ။

"'ဘာ ... ကျွန်မကိုချစ်တယ် ဟုတ်လား ... နေစမ်းပါဦး၊ ရှင်က လန်ခရူဆာ စီးနိုင်လို့လား"

"မ ... မ ... စီး ..."

"နေဦး လုံးချင်းတိုက်နဲ့ကော နေနိုင်လို့လား"

"ဟို ဟို ... ဟိုလေ ..."

"ဟိုတွေ ဒီတွေမလုပ်နဲ့၊ ရှင့်လစာကကော ဘယ်နှပြားရလို့လဲ"

mgyoe.com

mgyoe.com



"လစာရယ်လို့တော့ သတ်သတ်မှတ်မှတ် မ... ရှိပါဘူး"

'အဟက် ... ဒါနဲ့များ ကျွန်မကိုချစ်တယ် ပြော သေး၊ ရှင့်လိုလူမျိုး တစ်သက်လုံးမစဉ်းစားဘူး"

ကောင်မလေးထွက်သွားတော့ ကျွန်တော် ခေါင်းကုတ်ပြီး စဉ်းစားလိုက်ပါတယ်။

"နေပါဦး ငါ့မှာလက်ရှိ ဖာရာရီကား ၂ စီး၊ Bmw × ၆ တစ်စီးနဲ့ Porsche Cayman တစ်စီး ရှိနေတာ။ လန်ခရူဆာ ဘာလို့ထပ်ဝယ်ရမှာလဲ။ ကေ ၁၂၀ Villa နဲ့ ခြောက်ထပ်ကွန်ဒို ရှိနေတာ လုံးချင်း တိုက်နဲ့ နေဖို့လိုသေးလို့လား။ နောက်ပြီး ငါက ဒီကုမ္ပဏီမှာ Chairman ပဲလေ။ ဘယ်သူကငါ့ကို လစာပေးမှာလဲ ... ဟူး ..."

■

mgyoe.com

mgyoe.com

# ၈ ထူးထွေတည့်အံ့ရာသော်

တစ်နေ့မှာ လူတစ်ယောက် ဘားထဲကို ဝင်လာပြီး ဘားဝန်ထမ်းကိုပြောတယ်။

"ငါ မင်းကို အံ့အားသင့်စရာကောင်းတဲ့ ပြကွက်တစ်ခုကိုပြရင် ငါ့ကို အရက်တစ်ခွက်အလကား တိုက်မလား" လို့ မေးလိုက်တော့ ဘားဝန်ထမ်းက ခဏစဉ်းစားပြီး သဘောတူလိုက်တယ်။

ဒီတော့ သူလည်း သူ့ကုတ်အင်္ကျီ ဘယ်ဘက်အိပ်ထဲ လက်နှိုက်လိုက်ပြီး ကြွက်လေးတစ်ကောင်ကို ထုတ်လိုက်တယ်။ နောက်ပြီး ညာဘက်အိတ်ထဲ နှိုက်လိုက်ပြီး Piano သေးသေးလေးတစ်ခု ထုတ်လိုက်တယ်။ အဲဒီကြွက်လေးက အပြင်လည်းရောက်ရော အကြောအချဉ်တွေဆန့် လက်ဆစ်တွေချိုးပြီး Piano

mgyoe.com

mgyoe.com



လေးပေါ်ထိုင်လို့ ဘီသိုဗင်ရဲ့တီးလုံးတွေကို အမှား အယွင်းမရှိဘဲ တီးပြလိုက်တယ်။ ဘားဝန်ထမ်းလည်း အံ့အားသင့်သွားပြီး အရက်တစ်ခွက် အလကားတိုက် လိုက်တယ်။ သူက အရက်တစ်ခွက်သောက်လို့လည်း ကုန်သွားရော ဘားဝန်ထမ်းကို ထပ်ပြောတယ်။

"ခုနကပြတာထက် ပိုပြီးကောင်းတဲ့ ပြကွက် တစ်ကွက်ပြရင် ငါ့ကို တစ်ညနေလုံးစာ အရက် အလကားတိုက်မလား"လို့ မေးလိုက်တယ်။ ဘား ဝန်ထမ်းကလည်း ဒီထက်ပိုပြီးကောင်းတဲ့ ပြကွက် တော့ ရှိမှာမဟုတ်လောက်တော့ဘူးထင်ပြီး သဘော တူလိုက်တယ်။ ဒီတော့ အဲဒီလူက သူ့ရဲ့ဘောင်းဘီ အိတ်ထဲကိုလက်နှိုက်ပြီး ဖားခုံညင်းတစ်ကောင် ထုတ် လိုက်တယ်။ အဲဒီဖားခုံညင်းက အပြင်လည်း ရောက် ရော ခုနက ကြွက်လေးတီးနေတဲ့ တီးလုံးနဲ့ စည်းချက် ညီတဲ့ သီချင်းတစ်ပုဒ်ကို လိုက်ဆိုပြတယ်။ အဲလို သီချင်းဆိုနေတာကို ဘားမှာရှိတဲ့ သူစိမ်းတစ်ယောက် တွေ့သွားပြီး သူ့ကို မေးတယ်။

"ခင်ဗျား ဖားခုံညင်းလေး ကျွတော့်ကို ရောင်း ပါလားဗျာ။ ကျွန်တော် ဆယ်သိန်းပေးပါမယ်" အဲဒီ လူက "လုံးဝမရောင်းနိုင်ဘူး" လို့ ပြန်ဖြေတယ်။ သူစိမ်းကလည်း "သိန်း ၅၀ ပေးပါမယ် ရောင်းပါ"လို့

mgyoe.com

mgyoe.com



ထပ်ပြောတယ်။ သူကလည်းထုံးစံအတိုင်း "မရောင်းဘူး"ပဲဖြေနေလေရဲ့။ နောက်ဆုံး သိန်း ၁၀၀ ပေးမယ်ဆိုတော့မှ ရောင်းလိုက်တယ်။

အဲဒါကိုတွေ့တဲ့ ဘားဝန်ထမ်းက "ခင်ဗျားဖားကို ဘာလို့ သိန်း ၁၀၀ တည်းနဲ့ ရောင်းလိုက်တာလဲဗျာ။ ခင်ဗျားဖားက တကယ်ဆို သိန်း ၁၀၀၀ လောက်ထိ တန်ကြေးရှိတာမသိဘူးလား"လို့ အားမလို အားမရနဲ့မေးတော့မှ ထိုလူက "ခင်ဗျား ဘာမှမသိဘဲ ဝင်မပြောစမ်းပါနဲ့ဗျာ။ အဲဒီဖားက ဘာမှ သုံးစားမရဘူး။ ကြွက်ကမှ အသံတုဆရာဗျ"တဲ့။

■

mgyoe.com

mgyoe.com

## အားလုံးဝမ်းသာစေဖို့ 9

ပြင်သစ်ကုမ္ပဏီတစ်ခု၏ အုပ်ချုပ်ရေးမှူးသည် ဝန်ထမ်းများအားလုံးကို စုရုံးစေကာ အောက်ပါအတိုင်း ပြောသည်။

"လာမည့်ရက်အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ရဲ့ကုမ္ပဏီဟာ ၂၅ နှစ်ပြည့်တော့မယ်။ ဒီနှစ်ပတ်လည်နေ့ကို ကျွန်တော်တို့ ထိုက်ထိုက်တန်တန် ကျင်းပရမှာဖြစ်တယ်။ ဒါကြောင့် ဘယ်လိုကျင်းပရင် ကောင်းမလဲဆိုတာနဲ့ပတ်သတ်ပြီး အကြံဉာဏ်ပေးကြစေချင်ပါတယ်။ ဒါပေမဲ့ ဒီငွေရတုပွဲဟာ ပိုက်ဆံအကုန်အကျများလို့မဖြစ်ဘူး၊ တစ်နိုင်ငံလုံး ကုမ္ပဏီအကြောင်းကို ပြောစမှတ်ဖြစ်ရမယ်။ ဝန်ထမ်းအားလုံးလည်း ကျေနပ်အားရဖြစ်စေရမယ်။ ကိုင်း ... အကြံ

mgyoe.com

mgyoe.com



ဉာဏ်ပေးကြပါ"

မိနစ်အနည်းငယ်အကြာတွင် အခန်းထောင့်တစ်နေရာမှ ဝန်ထမ်းတစ်ဦး နေရာမှထရပ်သည်။

"ကျွန်တော့်ဆီမှာ အကြံဉာဏ်တစ်ခု ပေါ်လာပါတယ်"

"ပြောပါ"

"ရုံးအပေါ်ဆုံးထပ် ဝရန်တာကနေပြီး အုပ်ချုပ်ရေးမှူးကြီးခုန်ချပါ။ ဒီအတွက် တစ်နိုင်ငံလုံးကလည်း ခုန်ချတဲ့ အကြောင်းနဲ့ ကျွန်တော်တို့ကုမ္ပဏီအကြောင်းကို ပြောကြမှာသေချာတယ်။ အဲ ဝန်ထမ်းတွေ့ရဲ့ ကျေနပ်အားရမှုကတော့ ဘယ်လိုမှ မဖော်ပြတတ်အောင်ပါပဲ"

■

mgyoe.com

mgyoe.com

## ယုံကြည်ထိုက်တဲ့မိန်းမ 10

အောင်ကိုလတ်တစ်ယောက် မိန်းမယူဖို့ စဉ်းစားနေပါတယ်။ ဒါပေမဲ့ သူက မိန်းမတွေကို မယုံကြည်ဘူးဖြစ်နေတယ်။ ဒါကြောင့် သူ့ဆရာကို သွားမေးကြည့်ပါတယ်။

"ဆရာ၊ မိန်းမတွေဟာ ယုံကြည်လို့ရသလားဗျ"

'အင်း၊ အင်္ဂါရုပ်အကဲဖြတ်နည်းအရတော့ ယုံကြည်လို့ရတဲ့ မိန်းမအမျိုးအစားရှိပါတယ်"

"သိပါရစေ ဆရာ၊ ယုံကြည်လို့ရတဲ့ အမျိုးအစားသိရင် ကျွန်တော်လည်း အိမ်ထောင်ပြုချင်လို့ပါ"

"အိမ်း၊ အလွယ်ဆုံးနည်းကတော့ ကိုယ့်

mgyoe.com

mgyoe.com



ရည်းစားရဲ့ မျက်လုံးအရောင်ဟာ အညိုရောင် (Brown)ဖြစ်နေရင် ယုံကြည်ထိုက်တဲ့မိန်းကလေး ပါပဲ"

"အိုကေဆရာ၊ ကျွန်တော်ရည်းစားကို မျက်လုံးအရောင်သေချာအောင် အခုပဲ ပြန်စစ်လိုက်ပါဦးမယ်"

ဒါနဲ့ အောင်ကိုလတ်ဟာ သူ့ချစ်သူအိမ်ကို တန်းသွားလိုက်ပါတယ်။ ဟိုရောက်တော့ ခွင်ကောင်းပုံက အိမ်မှာ ဘယ်သူမှရှိမနေပါဘူး။ အိမ်ရှေ့ဧည့်ခန်းထဲမှာ သူ့ချစ်သူတစ်ယောက်တည်း အိပ်မောကျနေပါတယ်။ ဒါနဲ့ အောင်ကိုလတ်ဟာ သူ့ချစ်သူရဲ့မျက်ခွံကို အသာလှန်ဖွင့်ကြည့်လိုက်ပါတယ်။ တွေ့ပါပြီ။ သူ့ဆရာပြောသလို အညိုရောင်စစ်စစ်ပါပဲ။ သူဝမ်းသာအားရ ထအော်လိုက်ပါတယ်။

"ဟား ဟား၊ ညိုညို၊ ဟေ့ ညိုညို"

ဧည့်ခန်းဆိုဖာဆက်တီခုံအောက်မှာ လူသံကြားလို့ ဝင်ပုန်းနေတဲ့ ဒရိုင်ဘာမောင်ညိုက ညောင်နာနာ အသံပြုလိုက်ပါတယ်။

"ခင်ညာ၊ အနော် ဒီအောက်ဝင်ပုန်းနေတာ ဘယ်လိုသိသွားတာလဲငင်"

■

mgyoe.com

mgyoe.com

## ကံဆိုးတဲ့အန်ကယ် 11

"ဟဲလို ... ဂျွန် ...။ မင်းအန်ကယ် ဘာဖြစ်တာလဲကွ"

"လက်ကျိုးသွားလို့ဗျ"

"ကျွတ်ကျွတ် ... ဘယ်လိုဖြစ်တာလဲကွ"

"သူ စာကြည့်စားပွဲမှာထိုင်နေတုန်း သူ့မိန်းမ ကျွန်တော့်အန်တီက နောက်နားကနေ တိတ်တိတ်ကလေးလာပြီး အန်ကယ့်ရဲ့နားကို ချစ်စနိုးနဲ့ကိုက်လိုက်တယ်။အဲ့ဒါ လန့်ဖြန့်ပြီး သတိမေ့သွားတယ်"

"ဒါပဲလားကွ"

"မဟုတ်ပါဘူး၊ အန်တီက ချက်ချင်းအရေးပေါ်ဌာနကို ဖုန်းဆက်တယ်။ လူနာတင်ကားရောက်လာတယ်။ ဆေးဝန်ထမ်းတွေက အန်ကယ့်ကို ထမ်းစင်

mgyoe.com

mgyoe.com





ပေါ်တင်ပြီး ကားဆီအသွားမှာ အန်ကယ်သတိရလာ
တယ်။ ဘယ်လိုဖြစ်တာလဲလို့ သူ့ကို ဝိုင်းမေးကြ
တယ်။ သူက ဖြစ်ရတဲ့အကြောင်းအရင်းကို ပြောပြ
တော့ ဆေးဝန်ထမ်းတွေ ဟက်ဟက်ပက်ပက် ရယ်ကြ
တယ်။ ရယ်ရင်းနဲ့ သတိမေ့ပြီး ထမ်းစင်ကို လွှတ်ချ
လိုက်တယ်။ အဲ့ဒီမှာတင် အန်ကယ့်လက် ကျိုးတော့
တာပဲ”

■

mgyoe.com

# နည်းပညာခေတ်ရဲ့ဝန်ဆောင်မှု 12

တစ်နေ့ထက်တစ်နေ့ တိုးတက်လာတဲ့ ကမ္ဘာကြီးမှာ နည်းပညာဆိုင်ရာ တိုးတက်မှုတွေနဲ့အတူ အချက်အလက် စုဆောင်းထားရှိမှုကလည်း တိကျခိုင်မာလာပါတယ်။ အဲဒါနဲ့ပတ်သတ်တဲ့ ဟာသလေး တစ်ခုကို မြန်မာမှုပြန်ပြုထားပါတယ်။ ၂၀၂၀ မှာ ဖြစ်လာမယ့် ဝန်ဆောင်မှုကို သိချင်တယ်ဆိုရင် ဒီလိုပါတဲ့။

အော်ပရေတာ။ ။ "ကျွန်တော်တို့ဆိုင်ကို ခေါ်ဆိုမှုအတွက် ကျေးဇူးတင်ပါတယ်။ ဆရာရဲ့ စမတ်ကဒ်နံပါတ်လေး သိခွင့်ရှိမလားခင်ဗျာ ..."

စားသုံးသူ။ ။ "အဲဒါ ... အာ ... ခဏ ... ၈၈၉၈၃ ၆၄၈၅၀၃၇၂၆၂၉ ၂၃၇၂- ၄၈၈-၄၂၇၂ ..."

mgyoe.com
mgyoe.com

mgyoe.com



အော်ပရေတာ။ ။ "ဟုတ်ကဲ့ပါ ဦးရဲဦးခင်ဗျာ ... ဆရာ့ရဲ့လိပ်စာကတော့ အမှတ် ၂၉(B) တောင်မြင်းပြိုင်ကွင်းလမ်းဖြစ်ပြီး ရုံးဖုန်း ၈၆၀၄၀၆၄ နဲ့ မိုဘိုင်းဖုန်း ၄၂၁၁ ၃၇၇၁၈ ဖြစ်ပါတယ်။ ခု ဆရာ ဘယ်ကခေါ်နေတာပါလဲ ခင်ဗျာ ..."

စားသုံးသူ။ ။ "ရုံးကပေါ့ကွ။ မင်းဘယ်လိုလုပ် ငါ့ဖုန်းနံပါတ်တွေ အကုန်သိနေတာလဲ ..."

အော်ပရေတာ။ ။ "ကျွန်တော်တို့က စနစ်အားလုံးနဲ့ ချိတ်ဆက်ထားလို့ပါ ဆရာ ..."

စားသုံးသူ။ ။ "ထားပါတော့၊ ခု ပင်လယ်စာ ပီဇာ မှာချင်လို့၊ ရမလား ..."

အော်ပရေတာ။ ။ "အဲဒါ ဆရာ့အတွက် သိပ်မကောင်းပါဘူး ..."

စားသုံးသူ။ ။ "ဟေ ... ဘာဖြစ်လို့တုန်းကွ ..."

အော်ပရေတာ။ ။ "ဆရာ့ရဲ့ ဆေးစစ်ချက်မှတ်တမ်းအရ၊ အခု ဆရာ့မှာ သွေးတိုးရှိနေတဲ့အပြင် ကိုလက်စထရောပါဝင်မှုလည်း များနေပါတယ် ..."

စားသုံးသူ။ ။ "ဘာဖြစ်တယ် ... ဒါဆိုရင် မင်းက ဘာကိုစားသင့်တယ်ထင်လဲ ..."

mgyoe.com

mgyoe.com



အော်ပရေတာ။ ။ "ဆီပါဝင်မှုနည်းတဲ့ ဂျပန်စတိုင် ပီဇာကို စမ်းစားကြည့်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ဆရာကြိုက်မှာပါ ..."

စားသုံးသူ။ ။ "မင်းက ဘာဖြစ်လို့ ငါကြိုက်မယ်လို့ သေချာပြောနိုင်ရတာလဲ ..."

အော်ပရေတာ။ ။ "ပြီးခဲ့တဲ့အပတ်က ဆရာ နိုင်ငံပိုင် စာကြည့်တိုက်ကနေ စာအုပ်တစ်အုပ် ငှားထားပါတယ်။ စာအုပ်နာမည်က ထင်ရှားသော ဂျပန်စတိုင်ဟင်းလျာများမို့လို့ပါ ..."

စားသုံးသူ။ ။ "ဟား ... ဟုတ်ပြီ ဟုတ်ပြီ ... ငါ အရှုံးပေးပြီ ... ငါ့ကို တစ်ခုပေးစမ်းကွာ ... ဘယ်လောက်ကျလဲ ..."

အော်ပရေတာ။ ။ "ဟုတ်ကဲ့ ... ဝန်ဆောင်ခနဲ့ အခွန်အပါအဝင် စုစုပေါင်း ၁၂.၉၉ ဒေါ်လာ ပါ ..."

စားသုံးသူ။ ။ "အကြွေးဝယ်ကဒ်နဲ့ ပေးလို့ရလား..."

အော်ပရေတာ။ ။ "ဆရာ ကျွန်တော့်ကို လက်ငင်းငွေသားနဲ့ ရှင်းပေးစေချင်ပါတယ်။ ဆရာ့ အကြွေးဝယ်ကဒ်က သုံးခွင့်ပြုထားတဲ့ ပမာဏ ထက် ကျော်နေပါပြီ။ နောက်ပြီး ဆရာ ဘဏ် ကို ပေးစရာ ၃၄၇၆.၄၅ ဒေါ်လာရှိနေတာ ပြီးခဲ့

mgyoe.com

mgyoe.com



တဲ့နှစ် အောက်တိုဘာလကတည်းကပါ။ အဲဒါ ဆရာ့အဆောင်ငှားခတွေ မပါသေးပါဘူး"

စားသုံးသူ။ ။ "ဒါဆို မင်းဆီက လာပို့တဲ့လူ မလာခင် ငါက ဒီနားက အေတီအမ်စက်မှာ သွားပြေးထုတ်ထားရမယ် ထင်တယ် ..."

အော်ပရေတာ။ ။ "ဆရာ ထုတ်လို့ရမှာ မဟုတ်ပါဘူး။ မှတ်တမ်းတွေအရ ဆရာ ဒီနေ့အတွက် ခွင့်ပြုပမာဏကို ထုတ်ယူပြီးဖြစ်နေပါပြီ ..."

စားသုံးသူ။ ။ "ကိစ္စမရှိပါဘူး။ ပီဇာကိုသာ ရောက်အောင် ပို့လိုက်ပါ။ ငါ့ဆီမှာ ပိုက်ဆံရှိပါတယ်။ ဒါနဲ့ ဘယ်လောက်ကြာမလဲကွ"

အော်ပရေတာ။ ။ "၄၅ မိနစ်လောက်တော့ ကြာပါမယ်ဆရာ။ ဆရာ မစောင့်နိုင်ဘူးဆိုရင်တော့ ဆရာ့လျှပ်စစ်ဆိုင်ကယ်ကိုစီးပြီး လာယူလို့ရပါတယ်"

စားသုံးသူ။ ။ "ဘာ ..."

အော်ပရေတာ။ ။ "စနစ်တွေမှာ ဖော်ပြထားတဲ့ အသေးစိတ်အချက်အလက်တွေအရ၊ ဆရာ့မှာ လျှပ်စစ်ဆိုင်ကယ်တစ်စီးရှိပြီးတော့ မှတ်ပုံတင်နံပါတ် ၉၂၇၃၄၈ ..."

စားသုံးသူ။ ။ "ဟေ"

mgyoe.com

mgyoe.com



အော်ပရေတာ။ ။ "ဘာအလိုရှိသေးပါသလဲ ဆရာ..."

စားသုံးသူ။ ။ "မရှိဘူး ... စကားမစပ် ကိုလာတစ်လုံး လောက် ကြော်ငြာအနေနဲ့ မပေးနိုင်ဘူးလား ..."

အော်ပရေတာ။ ။ "သာမန်အားဖြင့်တော့ ပေးနိုင်ပါတယ် ... ဒါပေမဲ့ မှတ်တမ်းတွေအရ ... ဆရာ့မှာ ဆီးချို ..."

စားသုံးသူ။ ။ "သောက်ခွေး၊ ချီးဘဲ၊ သူ့ဒေါင်းစား"

အော်ပရေတာ။ ။ "ဆရာ ပြောတာဆိုတာကို ဆင်ခြင်ရင် ကောင်းပါမယ်။ ဆရာ ၁၉၈၇ ဇူလိုင်လ ၁၅ ရက်တုန်းက ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုမှုအတွက် ဒဏ်ငွေဆောင်ခဲ့ရဖူးတာ အမှတ်ရပါ..."

■

mgyoe.com

mgyoe.com

# 13 တွက်ကြည့်တော့လည်း မှတ်နေသား

ဖိုးရှုပ်တစ်ယောက် အလုပ်လုပ်ဖို့အတွက် ငွေအရင်းအနှီး လိုနေပါတယ်။ နောက်ဆုံးတော့ မိန်းမနဲ့ တိုင်ပင်ပြီး ဘဏ်ကိုသွားလို့ သူ့အိမ်ကို အပေါင်ထားပြီး ပိုက်ဆံသွားချေးပါတယ်။ ဘဏ်မန်နေဂျာ ဂျွန်းက လိုအပ်တဲ့အထောက်အထား စာရွက်တွေ စစ်ဆေးကြည့်ပြီး ချေးငွေ ၁၀ သိန်း ထုတ်ပေးလိုက်ပါတယ်။ ဖိုးရှုပ်က ငွေတွေ ရေတွက်နေတုန်း ဂျွန်းက ပြောလိုက်ပါတယ်။

mgyoe.com

mgyoe.com



"မင်းက ဒီပိုက်ဆံတွေနဲ့ ဘာအလုပ်လုပ်မှာ တုန်းကွ"

'အင်း ... ဘာလုပ်ရမှန်းတော့ သေသေချာချာ မစဉ်းစားရသေးဘူးဗျာ"

"ဟင် ... ဒါဆို တစ်နှစ်ပြည်လို့ အတိုးနဲ့အရင်း ပြန်ဆပ်ရရင် မင်းအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်တော့ မှာပဲ။ ဒီတော့ ဒီလိုလုပ်ကွာ။ ငါက စေတနာနဲ့ ပြော တာနော်။ မင်း တစ်နှစ်ပြည့်ရင် ယူငွေ ၁၀ သိန်း အတွက် အတိုး ၁၀ သိန်း၊ ပေါင်းသိန်း ၂၀ ဆပ်ရမှာ၊ အခုထဲက တစ်ဝက်သွင်းထားတဲ့အနေနဲ့ ခုနက ယူ ထားတဲ့ ၁၀ သိန်းပေးထားခဲ့လေ။ တစ်နှစ်ပြည့်တော့ အတိုး ၁၀ သိန်း လာပြန်ဆပ်လိုက်၊ ဟုတ်ပြီလား။ ဒါဆို မင်းလည်း ခြေနိုင်လက်နိုင်ပေါ့"

"ဟုတ်ပါတယ် မန်နေဂျာကြီးရယ်။ ကျွန်တော် လည်း ပိုက်ဆံချေးပြီး ဘာလုပ်ရမလဲဆိုတာတောင် မသိသေးတော့ အခုထဲက တစ်ဝက်အရင်ပေးထား တာ ကောင်းမယ်၊ အခုလိုအကြံပေးတဲ့အတွက် ကျေးကျေးဗျာ"

ဒါနဲ့ ဖိုးရှုပ်တစ်ယောက် အိမ်ကို လက်ဗလာနဲ့ ပြန်ရောက်လာပါတယ်။ သူ့မိန်းမကိုပြောလိုက်တယ်။

"မိန်းမရေ၊ ငါတော့ ဘဏ်က ပိုက်ဆံချေးတာ

mgyoe.com

mgyoe.com



အိုကေပါတယ်ကွာ။ ဒါပေမဲ့ တစ်ပြားမှတော့ ပါမလာဘူးကွ။ ဒီအိမ်ကိုလည်း အပေါင်တင်လိုက်တာဆိုတော့ ငါတို့အိမ်မဟုတ်တော့ဘူး။ တစ်နှစ်ပြည့်ရင်လည်း အတိုးငွေ ၁၀ သိန်း ပြန်ဆပ်ရလိမ့်ဦးမယ်။ ဘဏ်မန်နေဂျာ ကိုဂျုန်း တွက်ပြတော့လည်း အံကိုက်ပဲ၊ ဘာမှမမှားဘူး။ ဟူး ... မောပါ့ကွာ၊ ဘဏ်ကို သွားလိုက်ရတာ ခြေညောင်းတာပဲ အဖတ်တင်တယ်"

■

mgyoe.com

mgyoe.com

## ကျပ်မရှားဘူး 14

စိတ်ကျန်းမာရေး ဆေးရုံတစ်ခုတွင် တယ်လီ ဖုန်းသံ မြည်လာ၍ တာဝန်ကျဆရာဝန်မှ ကိုင်လိုက် ၏။

"ဟယ်လို ဒေါက်တာလား ...၊ ဒီကမ္ဘာပြင်ပက ဂြိုလ်သားတစ်ယောက် ကောင်းကင်ပေါ်က ဆင်းလာ တာကို ကျွန်တော့်အိမ်ပြူတင်းပေါက်ကနေ အခုပဲ မြင်လိုက်ရတယ်ခင်ဗျာ ... ကူညီပါဦး"

"အာ ... ခင်ဗျား ... ဆေးရုံကို ဘာလို့ ဖုန်း ဆက်တာလဲ။ သတင်းစာတိုက် ဒါမှမဟုတ် ရုပ်သံ ဌာနကို ဆက်ပါလား"

"ဒီမှာ ဒေါက်တာ၊ ကျွန်တော်က ဦးနှောက် ချောင်နေတဲ့အကောင်မဟုတ်ဘူးဗျ။ သူတို့ဆီကို ဖုန်း ဆက်ရင်ကျုပ်ကိုအရူးလို့ ထင်သွားမှာပေါ့"

■

mgyoe.com

mgyoe.com

## 15 သရဲ

တစ်ခါက သရဲအလွန်ခြောက်သည်ဟု နာမည်ကြီးသောအိမ်သို့ ပွဲစားတစ်ယောက် စုံစမ်းရန် သွားရောက်သည်။ အိမ်ရှေ့သို့ ရောက်သောအခါ တံခါးခေါက်လိုက်သည်။ အထဲမှ အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ဦး ထွက်လာသည်။

ပွဲစား ။ ။ ကျွန်တော် ဒီအိမ်ဝယ်ချင်လို့ပါ။ ဒါပေမဲ့ ဒီအိမ်က သရဲအရမ်းခြောက်တယ်ဆို ဟုတ်လားအန်တီ။

အမျိုးသမီး။ ။ အဲဒါတော့ အန်တီမသိဘူးကွဲ့. အန်တီက သေတာ နှစ် ၅၀ ရှိပြီကွဲ့။

mgyoe.com

mgyoe.com

## အကြောင်းသိ 16

ငြိမ်းချမ်းစိုးဟာ စာစောင်တစ်ခုဖတ်နေရင်းက အားရဝမ်းသာဖြစ်ပြီး သူ့ရည်းစားဆီကို ဖုန်းဆက်လိုက်ပါတယ်။

"အချစ်ရေ ... တောင်အာဖရိကက မိန်းမတွေဟာ ယောကျ်ားနဲ့အိပ်ပြီးရင် ယောကျ်ားကို ၈ ဒေါ်လာပေးရတယ်လို့ စာစောင်ထဲမှာ ရေးထားတယ်ကွ။ ကိုယ်တို့နှစ်ယောက် နီးဖို့အတွက် ငွေလိုနေတာဆိုတော့ ဒီလောက်ကောင်းတဲ့ အခွင့်အရေး လက်လွတ်ခံလို့ မဖြစ်ဘူး။ မနက်ဖြန်ပဲ တောင်အာဖရိကသွားမယ်။ ကိုယ်ကိုခွင့်ပြုပါနော် အချစ်"

"ကျွန်မလည်း ကိုကိုနဲ့အတူလိုက်မယ်"

"အချစ်က ဘာလိုက်လုပ်မလို့လဲငင်"

"တစ်လကို ၈ ဒေါ်လာလေးနဲ့ ရှင်ဘယ်လို အသက်ဆက်မလဲဆိုတာကို သိချင်လို့ပါ"

mgyoe.com

mgyoe.com

# 17 နေကြာမစိုက်မိလို့

အလွှန်ခင်မင်ရင်းနှီးရသည့် အညာဒေသက တောင်သူကြီးတစ်ဦးရှိသည်။ ထိုသူသည် တိုင်းကျိုးပြည်ပြုစိတ်ဓာတ် အလွန်ရင့်သန်ကြီးထွားသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်း စိုက်ပျိုးရေးကိုအခြေခံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည့် စီးပွားရေးဦးတည်ချက်များကို ဦးထိပ်ပန်ဆင်လျက် ရှိနေခဲ့ခြင်းဖြစ်သည်။

ထိုသူသည် စိုက်ပျိုးရေး ညွှန်ကြားမှုဦးစီးဌာနမှ လမ်းညွှန်သည့် မည်သည့်ကိစ္စရပ်မျိုးကိုမဆို တသွေမတိမ်း လေးစားလိုက်နာလေ့ရှိသည်။ ဘာပဲစိုက်စိုက် ... နေကြာညှပ်စိုက်ဟု လမ်းညွှန်လိုက်လျှင် ထိုသူမှ စိုက်ပြီးသားဖြစ်နေရတော့သည်။ ထိုသူမှာ သား

mgyoe.com

mgyoe.com



သုံးယောက်ရှိသည်။ တစ်ဦးမှာ သွားဆရာဝန် ဖြစ်သည်။ ယခင်တလောက ရင်းအရပ်သို့ ကျွန်တော်ရောက်သွားခဲ့သည်။ သွားဆ ရာဝန်ကို မတွေ့ရသဖြင့် မေးမြန်းကြည့်ခဲ့ရာ ဖခင်ဖြစ်သူက ဤသို့ ပြန်ဖြေခဲ့သည်။

"အဲ့ဒီသွားဆရာဝန်ကောင်ကို ရဲဖမ်းသွားတာဗျ"

"ဟာ ... ဟုတ်လား ... ဘာကြောင့်လဲ"

ရင်းတောင်သူကြီးမှ ဆိုလိုက်သည်။

"ဟိုအရင်နေ့က လူနာတစ်ယောက် သွားလာစိုက်တယ်။ အဲ့ဒါ နေကြာညှပ်ပြီး မစိုက်လိုက်တဲ့အတွက် ရဲကဖမ်းသွားတာတဲ့ဗျ"

■

mgyoe.com